လွဲပေါက်ကျေးရွာ

လွဲပေါက်အုပ်စု

မြစ်သားမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၂၀၁၇ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လွဲပေါက်ကျေးရွာ၊ မြစ်သားမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

မာတိကာ

ခေါင်းစဉ်	စာမျက်နှာ
မာတိကာ	ခ
စကားချီး	၁
လွှဲပေါက်ကျေးရွာ၊ကျေးရွာအရင်းအမြစ်ပြမြေပုံ၊ မြစ်သားမြို့နယ်	၃
အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်	၄
(၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု	၄
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်	၄
(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု	၆
(၂) ကျေးရွာ၏ တည်နေရာ၊ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ	၇
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား	၇
(ခ) သဘာဝအရင်းအမြစ်များ	၇
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ	၇
(က) လူဦးရေဆိုင်ရာအချက်လက်များ	၇
(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု	၈
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု	၈
(ဃ) ကျန်းမာရေးနှင့် အာဟာရ	၉
(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ	၉
(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု	၁၀
(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ	၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်	၁၀
(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ	၁၀
(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ	၁၂
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု	၁၂
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၃
(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး	၁၃

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု ၁၄
(ဇ) အခြေခံအဆောက်အဦများလက်လှမ်းမှီမှု- လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၁၅
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၅
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၅
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၆
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား
အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၁၈
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်
အချိန်ကာလ ၂၀
(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၀
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ၂၀
(ဂ) ဦးစားပေး စီမံချက်များ ၂၁
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၂၄
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ် ၂၄
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့်
အစီအစဉ်များ ၂၅
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၂၅
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်း ၂၅
(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၂၆
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့်ပြုပြင်
ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ
အစီအစဉ်များ ၂၆

(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၇

(က) ကြီးကြပ်စစ်ဆေးခြင်း ၂၇
(ခ)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း ၂၉
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၂၉

ကိုးကားစာရင်း ၃၄
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၃၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၃၆

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ခုနှစ်အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့်စီမံကိန်းဖြစ်မြောက်ရေးအတွက်လိုအပ်သောနည်းပညာများပံ့ပိုးပေးသောစိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအားအထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကိုတက်တက်ကြွကြွပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင်ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင်ကူညီပံ့ပိုးပေးသည့်စီမံကိန်းရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကိုကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမကကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော စီမံကိန်းကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည်ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများ နှင့်လုပ်ငန်းစီမံကိန်းများကိုမူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့်လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကိုအဓိကဖော်ပြထားပါသည်။အပိုင်း (ခ)သည်စီမံချက်ဆိုင်ရာအချက်အလက်၊အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

ကျေးရွာဖွံ့ဖြိုးရေးကော်တီ
လွဲပေါက်ကျေးရွာ
မြစ်သားမြို့နယ်။

လွဲပေါက်ကျေးရွာအခြေပြုမြေပုံ၊ မြစ်သားမြို့နယ်

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်း အချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်

လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှ တို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန်မျှော်လင့် ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများ အတွက်မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့် ၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့်ဒင်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များ အနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်းအချက်အလက်များ ပိုမို သိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသန လုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှု ပေးသည့် အဖွဲ့အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင် အဖွဲ့အစည်းများ အနေဖြင့်ဂင်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အမျိုးမျိုးကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည် ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲ များရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင် ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂)ကျေးရွာ၏ တည်နေရာ၊ ပထဝီအနေအထားနှင့်သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ။ ။ လွဲပေါက်ကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ လွဲပေါက်အုပ်စု၊ မြစ်သားမြို့နယ်တွင် ပါဝင်ပါသည်။ မြစ်သားမြို့၏ အရှေ့ဘက်တွင်တည်ရှိပါသည်။ ကျွန်ုပ်တို့ကျေးရွာ၏အရှေ့ဘက်တွင်ရွာခိုင်ကြီးကျေးရွာ၊အနောက်ဘက်တွင်လယ်ယာမြေများ၊တောင်ဘက်တွင် ရွှေလေးကျေးရွာနှင့် မြောက်ဘက်တွင် လယ်ယာမြေ တို့ တည်ရှိပါသည်။ အပူပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်ပါသည်။ မြေပြန့်လွင်ပြင် တွင် တည်ရှိပါသည်။

(ခ)သဘာဝအရင်းအမြစ်များ။ ။ ကျေးရွာတွင် လယ်ယာမြေများ ပေါကြွယ်ဝပြီး မြေဆီညြောကောင်းမွန်ပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် လယ်မြေသာရှိပြီး ယာမြေနှင့် ဥယျာဉ်ခြံမြေ အသုံးပြုခြင်းမရှိပါ။ ကင်းတားဆည်မှစိုက်ပျိုးရေရရှိပြီး စပါး၊ ငရုတ်စသော သီးနှံများစိုက်ပျိုးနိုင်ပါသည်။ ကျေးရွာအနီး သဘာဝတောရိုင်း တိရစ္ဆာန်များလည်းအနည်းငယ် တွေ့ရပါသည်။ သရက်ပင်များကိုသာ လောင်စာထင်း အဖြစ် အသုံးပြုပါသည်။ မယ်ဇလီ၊ ထိကရုံးဆေးဖက်ဝင် အပင်များလည်း တွေ့ရပါသည်။ နွားစာအဖြစ် ကောက်ရိုး၊ မြက် ၊ ပြောင်း၊ ပတော်စသည့် နွားစာများပေါများပါသည်။

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာအကြောင်းအရာများ။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၈၅) အိမ်ထောင်စု ရှိပါသည်။ အမျိုးသားစုစုပေါင်း (၂၀၂) ဦးနှင့်

အမျိုးသမီး စုစုပေါင်း (၂၀၆) ဦးရှိပြီး၊ လူဦးရေစုစုပေါင်း (၄၀၈) ဦးရှိပါသည်။ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၈)ဦးနှုန်း နေထိုင်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးသူငယ် (၁၀) ဦး ရှိပါသည်။ ကျေးရွာရှိ အများစုသော လူဦးရေသည် ၁၅နှစ်နှင့်၆၄နှစ်အကြားအလုပ်လုပ်နိုင်သောအရွယ်များ ဖြစ်၍လုပ်သားအင်အားပေါများပါသည်။ ၆၅နှစ်အထက် သက်ကြီးရွယ်အိုအရွယ်သည်လည်း ၃၂ဦး ရှိပါသည်။ ၅နှစ်မှ ၉နှစ်အကြား၊ မူလတန်းကျောင်းသားအရွယ်စုစုပေါင်း(၂၈)ဦး၊ ၁၀နှစ်မှ၁၄နှစ်အကြား အလယ်တန်းကျောင်းသားအရွယ် (၃၁) ဦးရှိပါသည်။ လူဦးရေ(၄၀၈) ယောက်ရှိသည့် အနက် နို့စို့အရွယ် အသင့်အတင့်ရှိပြီး ကျောင်းနေဦးရေနည်းပါးခြင်း၊ သက်ကြီးဦးရေ လည်း နည်းပါးသည်ကို တွေ့ရပါသည်။

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု။ ။ လွဲပေါက်ကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်းကျောင်း ပြုလုပ်ကိုင်ကြပါသည်။ တောင်သူလယ်သမား (၃၅)ဦးရှိပါသည်။ လယ်ယာလုပ်ငန်းများတွင် အငှားလုပ်ခြင်း၊ အိမ်ဆိုင်များနှင့် စက်ချုပ်ခြင်းကျပန်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကိုလည်း မိသားစုအပိုဝင်ငွေအတွက်မွေးမြူကြပါသည်။ ကျေးရွာတွင်မြေယာမဲ့(၄၀)အိမ်ထောင်စု ရှိပါသည်။ ၂.၅ဧက အောက် ဆင်းရဲသားတောင်သူ (၁၁) အိမ်ထောင်စုရှိပါသည်။ ၂.၅ ဧကထက်ပိုင်ဆိုင်သော တောင်သူငယ်နှင့် တောင်သူလတ်သည် (၂၄) အိမ်ထောင်စုရှိပါသည်။ ၁၂.၅ဧကအထက်ပိုင်ဆိုင်သော တောင်သူကြီးမှာ (၁၀) ဦးသာရှိသည့်အတွက် ကျေးရွာတွင် တောင်သူကြီး ဦးရေအသင့်အတင့်ရှိပါသည်။

(ဂ)ဆင်းရဲမွဲတေမှု၊ထိခိုက်လွယ်မှုအခြေအနေ။ ။ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု(၆)စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စု (၁၅) အိမ်ထောင်စုရှိပြီး၊ အဆင့်-၃ နှင့် အဆင့်-၄ အိမ်ထောင်စု စုစုပေါင်း (၆၄) အိမ်ထောင်စုရှိ၍ မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများ အများအပြားရှိပါသည်။ ၎င်းအိမ်ထောင်စုများသည် များသောအားဖြင့် မြေယာမဲ့အိမ်ထောင်စုများ၊ လယ်၂.၅ဧက အောက်ပိုင်ဆိုင်သော ဆင်းရဲသားတောင်သူများ ဖြစ်ကြပါသည်။ ကြုံရာကျပန်း အလုပ်

များ ဖြင့်သာအသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ ကျေးရွာ၏ အဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀%ကို စားနပ်ရိက္ခာဖူလုံမှု စစ်တမ်းကောက်ယူခြင်း အရ အများစုသည် နပ်ကျော်စားခြင်း၊ လျှော့စားခြင်း၊ ပြောင်းလဲစားသုံးခြင်းများ မတွေ့ရပါ။ ချေးယူခြင်းဖြင့်သာ ဂမ်းစာဖူလုံရန် ဖြေရှင်းကြပါသည်။ ကျေးရွာ၏ အိမ်ထောင်စု ၅၀% ကျော်သည် ဂမ်းစာဖူလုံခြင်း မရှိပါ။

ကျေးရွာသည် ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ ထူးထူးခြားခြား မရှိပါ။ စိုက်ပျိုးရေ ရှုးပါးခြင်းနှင့် ပိုးမွှားရောဂါကျရောက်ခြင်း စသည့် အခြေအနေများသာ ကြုံတွေ့ရတတ်ပါသည်။ ထို့သို့သော အခြေအနေများတွင် မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားကျပန်းများနှင့် ကားမောင်းပြီး အသက်မွေးသူများအတွက် အလုပ်အကိုင်ရှုးပါးခြင်း အခြေအနေများ ကြုံတွေ့ရပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ။ ။ ကျေးရွာတွင် အဖြစ်များသောရောဂါမှာ ဂမ်းပျက်ဂမ်းလျှောသွေးလွန်တုပ်ကွေးရောဂါများအဖြစ်များပါသည်။ ဆီးချို၊ ကူးစက်နိုင်သော ရောဂါများနှင့်သွေးတိုးရောဂါများလည်း အနည်းငယ်ဖြစ်ပွားး တတ်ပါ သည်။ မူလတန်းကျောင်းတွင် ကလေးသူငယ်များအတွက် အာဟာရတိုက်ကျွေးမှု အစီအစဉ်များ အတွက် ဆန်ပြုတ်တိုက်ကျွေးခြင်း၊ ကြာဇံဟင်းခါး တိုက်ကျွေးခြင်းများလည်း ပြုလုပ်ပေးပါသည်။ ကာကွယ်ဆေးထိုးနှံခြင်းများလည်း ပြုလုပ်ပေး ပါသည်။

(c) ပညာရေးနှင့်ကျွမ်းကျင်မှု။ ။ ကျေးရွာတွင် စာမတတ်သူ (၅) ဦးသာ ရှိသည့်အတွက် စာမတတ်သူ မရှိသလောက် နည်းပါးကြောင်း သုံးသပ်နိုင်ပါသည်။ မူလတန်းအဆင့် ပညာတတ်မြောက်သူ(၁၆၅)ဦး ရှိပြီး မူလတန်းပညာရေး ပြီးဆုံးသူများပြားကြောင်း တွေ့ရှိရပါသည်။ အလယ်တန်း အဆင့်ရှိသူ (၁၀၄) ဦးရှိပါသည်။ အထက်တန်းအဆင့်ရှိသူ (၅၆) ဦးနှင့် တက္ကသိုလ်အဆင့် ပညာပြီးမြောက်သူ (၄၈)ဦး ရှိသည့်အတွက် အထက်တန်းနှင့် တက္ကသိုလ်အဆင့် ပညာသင်ကြားပြီးမြောက်သူ နည်းပါးကြောင်း တွေ့ရှိရပါသည်။ မူလတန်းအရွယ် ကလေးအများစုသည် မူလတန်းပညာကို လက်လှမ်းမီသင်ကြား နေသည်ကို တွေ့ရပါသည်။ ကျောင်းတက်နှုန်း မြင့်မားပါသည်။ ကျေးရွာတွင်

ပညာသင်ကြားနေသူ မူလတန်း(၃၀) ဦးနှင့် အလယ်တန်း(၃၀) ဦးရှိပါသည်။ အထက်တန်း တက်ရောက် နေသူ (၁၃) ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ မှာ (၁၉)ဦးရှိပါသည်။ ကျေးရွာတွင် (အ.မ.က) ကျောင်းတည်ရှိပြီး မူလတန်းပညာရေး လက်လှမ်းမီပါသည်။ အလယ်တန်းနှင့် အထက်တန်းပညာရေးတွင်ရွာခိုင်ကြီး (အထက) နှင့် လမ်းခွ (အထက)ကျောင်းများသို့ တက်ရောက်လျှက်ရှိပြီး မြစ်သားမြို့အထက်တန်းကျောင်းသို့ တက်ရောက်သူ အနည်းငယ်သာ ရှိပါသည်။

(စ)ကျားမဆိုင်ရာဆက်နွယ်မှု။ ။ ကျားမဆိုင်ရာ ဆက်နွယ်မှုသည် များစွာ ကွာခြားမှု မရှိပါ။လူဦးရေဆိုင်ရာ အချက်အလက်အရ အလုပ်လုပ်နိုင်သော လူဦးရေတွင် အမျိုးသမီး အချိုးသည် အမျိုးသားများထက် အနည်းငယ်များပြား သည်ကို တွေ့ရပါသည်။ ထို့အတူ ကျေးရွာစီမံခန့်ခွဲမှု ကဏ္ဍတွင် ထုံးတမ်းဓလေ့အရ အမျိုးသမီးပါဝင် ဆောင်ရွက်ခြင်း မရှိပါ။သို့သော် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင်မူ အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခွင့် ရကြပါသည်။

(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်။ ။ကျေးရွာတွင် ဂေါပကအဖွဲ့၊ လူမှုကူညီရေး အသင်းနှင့် လွှဲပေါက်လူငယ် ပရဟိတ အဖွဲ့အစည်းများရှိပါသည်။ဘာသာရေး၊ ပညာရေး၊ လူမှုရေး၊ ကျေးရွာ၏သာရေးနာရေးနှင့် ဖွံ့ဖြိုးရေး ကိစ္စများ ကို လုပ်ဆောင် ကြပါသည်။ အမျိုးသမီးများလည်း ပါဝင်ကြသည်ကိုတွေ့ရပါသည်။ စွမ်းဆောင်နိုင်မှုလည်း ကောင်းပါသည်။ အမျိုးသား၊ အမျိုးသမီး ပူးပေါင်း လုပ်ဆောင်ကြပါသည်။ ပိုမိုပူးပေါင်းပါဝင်ရန် ဖွံ့ဖြိုးရေးဆိုင်ရာ အသိအမြင်များ၊ မှတ်တမ်းမှတ်ရာများ စနစ်တကျ ထားသိုနိုင်ရန် ပံ့ပိုးပေးရန်လိုပါမည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ။ ကျေးရွာသည် လယ်ယာစိုက်ပျိုးရေး လုပ်ငန်း ကို အဓိကလုပ်ကိုင် အသက်မွေးဝမ်းကျောင်း ပြုကြပါသည်။ တောင်သူ (၃၅) ဦး ရှိပါသည်။ စုစုပေါင်း လယ်မြေဧက (၃၂၁)ဧက ရှိပါသည်။ မြေဆီဩဇာ ကောင်းမွန်ပြီး

ကင်းတားဆည်မှ စိုက်ပျိုးရေ ရရှိစိုက်ပျိုး နိုင်ပါသည်။ ဆည်ရေမှာ တစ်နှစ်ပတ်လုံး ရရှိ၍ လုံလောက်မှု ရှိပါသည်။ စပါး နှင့် ငရုတ်သီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။ စပါး တစ်ဧကလျှင် အနည်းဆုံး တင်း၈၀ မှ အများဆုံး တင်း ၁၀၀ အထိ အထွက်နှုန်း ရရှိပါသည်။ ဝါခေါင်လနှင့် နတ်တော်လများတွင် စိုက်ပျိုးကြပါသည်။ အဓိကသီးနှံဖြစ်သည့် စပါး စိုက်ပျိုးမှုတွင် သီးနှံအရည်အသွေး နိမ့်ကျမှု ကြောင့် အမြတ်ရရှိမှု နည်းပါသည်။ အခြားသီးနှံများမှာ အထွက်နှုန်း အသင့်အတင့် ထွက်ရှိပါသည်။ သီးနှံအထွက်နှုန်းပေါ်မူတည်၍ အမြတ်ရရှိမှုသည် မသေချာပါ။ ကျေးရွာတွင် လက်တွန်းထွန်စက် ၁၅ စီး၊ ခွေလှေ့စက် ၁ စီး၊ ရေစုပ်စက် ၅လုံးနှင့် မြတ်ရိတ် စက်၄ခု ရှိပါသည်။ အချို့သော အိမ်ထောင်စု များသည် စက်ကိရိယာ များကို ငှားရမ်းလုပ်ကိုင်ကြပါသည်။ ခိုင်းနွားများကိုလည်း အသုံးပြုကြပါသည်။ ထွန်စက်ကြီးများ ကိုလည်း ငှားရမ်း အသုံးပြုနိုင်ပါသည်။ ထွန်စက်ကြီးများကို တစ်ဧကလျှင် ၁၈၀၀၀ ကျပ်နှုန်းခန့် ပေး၍ ငှားသုံးရပါသည်။ လယ်ယာသုံး စက်ကိရိယာ လုံလောက်မှုနည်းပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေး ချေးငွေရရှိပါသည်။ သီးနှံမျိုးစေ့များ၊ မြေဩဇာ၊ ပိုးသတ်ဆေးများကို မြစ်သားမြို့၊ ကျောက်ဆည်မြို့များနှင့် ကျေးရွာတွင်းရှိ ဆိုင်များမှ ဝယ်ယူ လက်လှမ်းမီပါသည်။ လယ်ယာလုပ်သား ပေါများပါသည်။ လယ်ယာ ထုတ်ကုန်များကို ကျေးရွာတွင်းတွင်လည်း ရောင်းချနိုင်ပြီး၊ မြို့သို့လည်း တင်ပို့ ရောင်းချနိုင်ပါသည်။ စိုက်ပျိုးရေး ချေးငွေသည် လုံလောက်မှုနည်းပါးပြီး၊ ပိုးမွှားရောဂါကာကွယ်ရေး အတွက်စိုက်ပျိုးရေး နည်းပညာလက်လှမ်းမီမှု မရှိပါ။ သီးနှံစျေးကွက် လိုအပ်ပါသည်။

ကျေးရွာတွင် နွား၊ ကျွဲ ၊ ဝက် နှင့်ကြက် များကို မွေးမြူကြပါသည်။ နွားကို လယ်ယာလုပ်ငန်းခွင် အတွက် မွေးမြူပါသည်။ ခွာနာလျှာနာ၊ ဒေါင့်သန်း၊ ခြေပုပ် လက်ပုပ် စသော ကူးစက်ရောဂါများ ဖြစ်ပွားကြပါသည်။ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်မှု နည်းပါးပါသည်။ မွေးမြူရေး လုပ်ငန်းများ လုပ်ဆောင်ရန် အခွင့်အလမ်းနည်းပါးသော်လည်း မွေးမြူရေးအစာ၊ရေ အသင့်အတင့်ရရှိနိုင်ပါသည်။ ကူမဲ၊ မြစ်သား၊ ကျောက်ဆည်မြို့များနှင့် နီး၍ မွေးမြူရေး ထုတ်ကုန်များ တင်ပို့ရောင်းချ နိုင်ပါသည်။

မြို့နယ်တွင် တိမ်မွေးကုဋီးစီးဌာန ရှိပါသည်။ ရောဂါ ဖြစ်ပွားလျှင် လာရောက် ကုသပေးပါသည်။ သို့သော် နည်းပညာပိုင်းဆိုင်ရာ ချိတ်ဆက်မှု မလုပ်ဆောင်ဖူးသေးပါ။ မိသားစုအပိုဝင်ငွေရရှိရန် သို့မဟုတ် တစ်နိုင်တစ်ပိုင် စီးပွားရေး အဖြစ် မွေးမြူရေးလုပ်ငန်းကို တိုးချဲ့ မွေးမြူသင့်ပါသည်။တစ်နိုင်တစ်ပိုင်မွေးမြူရေးအတွက် အခြေခံမွေးမြူရေး ပညာများ လိုအပ်ပြီး၊ ကျေးရွာအတွင်း မွေးမြူရေးလုပ်သားများရှိပါက ကျွေးရွာအတွင်း ကုသကာကွယ်ရေး လက်လှမ်းမီလာနိုင်ပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ။

။ကျေးရွာတွင် စိုက်မွေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ အဖြစ် များများစားစား မတွေ့ရပါ။အရောင်းအဝယ်လုပ်ငန်း၊ အိမ်ဆိုင်လုပ်ငန်း၊ စက်ချုပ်လုပ်ငန်း နှင့် ကြိုရာကျပန်းလုပ်ငန်း စသော လုပ်ငန်းများသာတွေ့ရပါသည်။ ကျေးရွာအခြေပြုထုတ်ကုန်လုပ်ငန်းများကိုမူ မတွေ့ရပါ။ကျေးရွာတွင် အိမ်ဆိုင်၊ကုန် အရောင်းအဝယ်၊ ငရုတ်၊ စပါး သီးနှံရောင်းဝယ်ရေးပွဲစား လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ အခွင့်အလမ်းအနေဖြင့် မြို့နှင့်နီး၍ ရောင်းဝယ်ဖောက်ကားမှု ကောင်းပါသည်။ လုပ်သားအင်အားပေါများသည်ကိုတွေ့ရပါသည်။မန္တလေး၊ကျောက်ဆည်စသော မြို့ကြီးများတွင် အလုပ်အကိုင် အခွင့်အလမ်း အသင့်အတင့် ရရှိနိုင်ပါသည်။လုပ်ငန်းလည်ပတ်ရန် အရင်းအနှီး ငွေကြေး၊ လုပ်ငန်းနှင့်ပတ်သက်သော နည်းပညာများသည် အခက်အခဲများ ဖြစ်ပါသည်။ ထို့ကြောင့် ကျေးရွာအခြေပြု အသေးစား၊ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ချေးငွေအစီအစဉ်များ ၊စျေးကွက်၊ နည်းပညာချိတ်ဆက်မှုများနှင့်အတူ အခြေခံအဆောက်အဦ ကဏ္ဍများပါ ဖွံ့ဖြိုးရန် လိုအပ်ပါမည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု။ ။ ကျေးရွာရှိ မြေဆီဩဇာ အခြေအနေသည် ပြုပြင်ထိန်းသိမ်းမှု အားနည်းခြင်း၊ ဓါတုမြေဩဇာများ နှစ်စဉ် နှစ်တိုင်း သုံးစွဲမှုများလာသောကြောင့် တဖြည်းဖြည်း အရည်အသွေးကျဆင်းလာပါသည်။ နွားချေး၊ သစ်စိမ်းမြေဩဇာများ စသော သဘာဝမြေဩဇာများ အစားထိုး အသုံးပြုရန် လိုအပ်လာ

ပါမည်။ ဖျက်ပိုးရောဂါကာကွယ် ထိန်းသိမ်းမှု အပိုင်းတွင်လည်း ဓါတုပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲကြ၍ ပိုးရောဂါများ ဆေးဒဏ်ခံလာနိုင်ပြီး၊ ဘက်စုံပိုးမွှားရောဂါကာကွယ် နည်းစနစ်များ အလေ့အကျင့်များ လုပ်ဆောင်ရန်လိုပါမည်။အမှိုက်သရိုက်များကို နေအိမ်အတွင်း ကျင်းတူး၍ စွန့်ပစ်ကြပါသည်။ဆေးဗူးခွံများကို အသုံးပြုပြီး နီးစပ်ရာတွင် စွန့်ပစ်ကြပါသည်။

(ငါ) ဘဏ်လုပ်ငန်းနှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု။ ။ ကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးရေးချေးငွေရရှိပါသည်။ ပုံစံ ၇ ရှိသူများ ထုတ်ချေးခွင့် ရရှိပါသည်။ ကာလတိုချေးငွေဖြစ်ပြီး၊ ချေးငွေကာလမှာ ၆ လဖြစ်ပါသည်။ တစ်ဧကလျှင် တစ်သိန်းခွဲ ရပါသည်။ ဇွန်လတွင် ပုံမှန်ထုတ်ချေးပေးပါသည်။ ငွေတိုးပေးသူများထံမှလည်း သတ်မှတ်အတိုးနှုန်း အတိုင်းပေး၍ ချေးယူနိုင်ပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး။ ။ ကျေးရွာတွင် အခြေခံပညာမူလတန်း ကျောင်းရှိပါသည်။ မူလတန်းအရွယ်ကလေးငယ်များအားလုံး မူလတန်းပညာကို လက်လှမ်းမီပါသည်။ အလယ်တန်း၊ အထက်တန်းပညာကို ရွာခိုင်ကြီးနှင့်လမ်းခွကျောင်းများသို့တက်ရောက်ကြပြီးမြစ်သားမြို့အထက်တန်းကျောင်းသို့အနည်းငယ်တက်ရောက်ကြပါသည်။ မူလတန်းကျောင်းသည် ကျေးရွာတွင်သာရှိပြီး ခြေလျင်တက်ရောက်ကြပါသည်။ကျောင်းဆရာ ၁ ဦး၊ ဆရာမ ၆ ဦး ၊ စုစုပေါင်း ကျောင်းဆရာ/ဆရာမ (၇) ဦးရှိပါသည်။ ဆရာ/မ လုံလောက်ပါသည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာသည် .၇၅ ဧကရှိပါသည်။ စာသင်ကျောင်းဆောင် ၄ ဆောင်သာရှိပြီး ကျောင်းသုံးပရိဘောဂလုံလောက်မှုမရှိပါ။ ကျောင်းအိမ်သာသည်ယင်လုံ အိမ်သာဖြစ်ပြီး ကောင်းမွန်ပါသည်။မူလတန်းပညာကျောင်းထွက်နှုန်းအနည်းငယ်ရှိပါသည်။မသန်စွမ်းသူများအတွက်ပညာရေးအထူးအစီအစဉ်များမရှိပါ။ ကျောင်းဝင်းအတွင်း အားကစားကွင်းသီးသန့်ပြုလုပ်ထားခြင်းမရှိပါ။

ကျေးလက်ကျန်းမာရေးဆေးပေးခန်းမှကလေးများ၊ကိုယ်ဝန်ဆောင်မိခင်များ

ကိုကာကွယ်ဆေးလာရောက်ထိုးနှံပေးပါသည်။အခြေခံကျန်းမာရေးပညာပေးအစီအစဉ်များလည်းရှိပါသည်။ကျေးရွာတွင်ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း ကျေးရွာအနီးရွာခိုင်ကြီးကျေးရွာတွင်တည်ရှိပါသည်။မွေးလူနာများရှိပါကကျေးရွာသို့လာရောက်မွေးဖွားပေးပါသည်။အရေးပေါ်လူနာများအတွက်ကူမဲတိုက်နယ်ဆေးရုံ၊မြစ်သားပြည်သူ့ဆေးရုံ၊ကျောက်ဆည်ပြည်သူ့ဆေးရုံ၊မန္တလေးဆေးရုံကြီးနှင့်ပုဂ္ဂလိကဆေးခန်းများသို့သွားရောက်ကုသကြပါသည်။မြစ်သားမြို့နှင့်ဂုမိုင်ကွာဝေးပြီးကျန်းမာရေးစောင့်ရှောက်မှု၊ဝန်ဆောင်မှုများကို လက်လှမ်းမီပါသည်။

ကျေးရွာရှိ အိမ်ထောင်စုအားလုံးသည်ရေတွင်း၊ အဝီစိတွင်း / စက်တပ်နှင့် အဝီစိတွင်း တုံကင်များကိုသောက်သုံးကြပါသည်။သောက်သုံးရန်ကောင်းမွန်၍နွေမိုးဆောင်း လုံလောက်မှုရှိပါသည်။ ကျေးရွာ၏အနီးတွင် ပြောင်းပြာမြောင်းရှိပြီး ၎င်းမြောင်းမှလည်း စိုက်ပျိုးရေရရှိပါသည်။သောက်သုံးရေပြဿနာမရှိပါ။ကျေးရွာရှိအိမ်ထောင်စုများသည် ယင်လုံအိမ်သာကိုသာ သုံးစွဲကြပါသည်။ ယင်လုံအိမ်သာသုံးစွဲ နိုင်သည့်အိမ်ထောင်စု (၈၅) အိမ်ထောင်စုလုံးအသုံးပြုကြပါသည်။ အခြေခံကျန်းမာရေး ဗဟုသုတများ ရှိကြပါသည်။ ကျန်းမာရေးဆိုင်ရာအတွက် ပုံမှန်လာရောက် စစ်ဆေးခြင်းများ ပြုလုပ်ပါသည်။

(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား။ ။ကျေးရွာတွင်အပန်းဖြေရန် စာကြည့်တိုက်ရှိပြီး ကူမဲဝါဆိုပွဲ၊မြစ်သားတန်ဆောင်တိုင်ပွဲနှင့်အခြားနီးစပ်ရာပွဲများသို့လည်းသွားရောက်ကြပါသည်။ ဘောလုံးကစားခြင်း ဖြင့်လည်းအပန်းဖြေကြပါသည်။ လူငယ်များသည် အလှူပွဲ ၊ မင်္ဂလာဆောင်ပွဲများ၊ကျွေးမွေးဧည့်ခံခြင်းလုပ်ငန်းများ၊ဘာသာရေးလုပ်ငန်းများတွင်ပါဝင်ခြင်း၊ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင်ပူးပေါင်းလုပ်ဆောင်ခြင်း၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ခြင်း၊ သင်္ကြန်ပွဲအခါကြီးရက်များတွင်ကုသိုလ်ပြုခြင်း၊ သီတင်းကျွတ်အခါသမယတွင် လူကြီးသူမများကို ကန်တော့ခြင်း၊ ဘာသာရေးလုပ်ငန်းများတွင်လည်းပါဝင် ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အားကစာပုံမှန် ပြုလုပ်ကြပါသည်။ အခြားနီးစပ်ရာကျေးရွာများနှင့် ဘောလုံးပြိုင်ပွဲများတွင်လည်း လူငယ်များ ပါဝင်ခွင့်ရကြပါသည်။

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊

သတင်းနှင့်ဆက်သွယ်ရေး။ ။ ကျေးရွာရှိလမ်းအားလုံးသည် မြေသားလမ်းများ ဖြစ်ကြပါသည်။ တည်ဆောက်ခဲ့သည့်နှစ် ကြာမြင့်ခြင်းကြောင့် လမ်းများမှာ ပျက်စီးနေပြီဖြစ်ပါသည်။ ချဉ်းကပ်လမ်းသည် လမ်းခွလမ်းမကြီးကို ဆက်သွယ်ထားပါသည်။ တစ်နှစ်ပတ်လုံး သွားလာနိုင်ပါသည်။ ဆိုင်ကယ်၊ ထော်လာကျီ၊ ကား၊ နွားလှည်းများကို အသုံးပြုသွားလာကြပါသည်။ ကျေးရွာတွင် ရေကျော်တံတား ၁ စင်းရှိပါသည်။ အရည်အသွေးကောင်းမွန်၍ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ ၅၄ အိမ်ထောင်စု သာမီးလင်းနိုင်သေးပြီး လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု ၃၁စု သာရှိပါသည်။လျှပ်စစ်မီးအသုံးမပြုနိုင်သေးသည့်အိမ်ထောင်စုများမှာ အများအပြားရှိပြီး ဖယောင်းတိုင်၊ ဘက္ထရီမီးများဖြင့် သုံးစွဲကြပါသည်။ ကျေးရွာအနီးတာဝါတိုင် မရှိသော်လည်း ဆက်သွယ်ရေးလက်လှမ်းမီပါသည်။ဆက်သွယ်မှုများလည်းကောင်းမွန်ပါသည်။ကျေးရွာတွင်ဖုန်းအသုံးပြုမှုလည်းများပါသည်။

(ဈ) တည်ငြိမ်းအေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး။ ။ ကျေးရွာသည် မြစ်သားမြို့နှင့် ၇ မိုင်ကွာဝေးပြီး ရဲဘက်ဆိုင်ရာဝန်ဆောင်မှုများ လက်လှမ်းမီပါသည်။ ထို့အပြင် ကျေးရွာမှခင်းဖြစ်ပွားမှုမရှိ၍ တည်ငြိမ်အေးချမ်းပါသည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများအသင့်အတင့်ရှိပါသည်။ကျေးရွာနေပြည်သူများ စည်းလုံးညီညွတ်မှုရှိခြင်း၊ လူထုပူးပေါင်းမှုကောင်းခြင်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေအနေကောင်းများဖြစ်ပါသည်။စိုက်ပျိုးရေးအတွက် လယ်ယာမြေများပေါများ၍မြေဆီသြဇာ ကောင်းမွန်ပါသည်။ ကင်းတားဆည်မှ စိုက်ပျိုးရေရရှိ၍ စပါးနှင့် ငရုတ် စသော သီးနှံများ ဖြစ်ထွန်းအောင်မြင်ပါသည်။ ကျေးရွာအနီး ပြောင်းပြာမြောင်းမှလည်း စိုက်ပျိုးရေရရှိ စိုက်ပျိုးနိုင်ပါသည်။မွေးမြူရေးတွင်လည်းနွား၊ကျွဲ၊ကြက်နှင့်ဝက်များကိုတစ်နိုင်တစ်ပိုင်မွေးမြူနိုင်ပါ

သည်။စားကျက်မြေသီးသန့်မရှိသော်လည်းမြေလွတ်မြေလပ်များတွင်လွတ်ကျောင်းနိုင်ကြပါသည်။ အစာ၊ ရေလည်းပေါများပါသည်။ မွေးမြူရေးထုတ်ကုန်များ အလွယ်တကူတင်ပို့ရောင်းချနိုင်ပါသည်။

(ခ) အဟန့်အတားများ၊ ကျော်လွှားရမည့်စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါ အဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်။

ဒေသခံတောင်သူများသည်မိရိုးဖလာဓလေ့နည်းဖြင့်သာ စိုက်ပျိုးလေ့ကြပြီး၊ ပြောင်းလဲမစိုက်ပျိုးလိုကြခြင်းသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အဟန့်အတားတစ်ခုဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ရင်းနှီးမတည်ငွေမပြည့်စုံခြင်း မွေးမြူရေးသီးသန့် ချေးငွေမရှိခြင်းများသည်လည်း အဟန့်အတား ဖြစ်နေပါသည်။ ကျေးရွာအခြေပြု အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် ချေးငွေ၊ နည်းပညာ၊ ဈေးကွက်စသော လက်လှမ်းမီမှုနည်းပါသည်။

၆။ ရည်ရွယ်ချက်ပန်းတိုင် နှင့်ဗျူဟာ

(က) ရည်ရွယ်ချက်ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည် နှင့်အတူ အခြားစီးပွားရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင် ၃ ချက်ကို ရေးဆွဲထားပါသည်။

(က) စစ်မှန်သော မျိုးစေ့များစိုက်ပျိုး ထုတ်လုပ်နိုင်ရန် နည်းပညာချိတ်၍ သီးနှံအထွက်နှုန်း တိုးပွားစေခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရမည်။

(ခ) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်း တိုးတက်လာရမည်။

(ဂ) ကျေးရွာ၏ အခြေခံအဆောက်အဦကဏ္ဍဖွံ့ဖြိုးတိုးတက်လာရမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

အထက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင်များ ပြည့်မှီရန်အတွက် ကျေးရွာအတွင်းအဟန့်အတားများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာ၊ အထောက်အပံ့များကို အသုံးချ၍ အောက်ပါ ဖွံ့ဖြိုးရေးဗျူဟာများကိုသက်ဆိုင်ရာဌာနများ၊ရပ်မိရပ်ဖများ၊ကျေးရွာလူထုများပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ်ထားပါသည်။

(၁) ကျေးရွာ၏ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာန နှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာ ရရှိရန်ချိတ်ဆက်သွားရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေး နည်းပညာများ၊မျိုးကောင်းမျိုးသန့်များထုတ်လုပ်ခြင်းနည်းပညာများ၊ဘက်စုံပိုးမွှားရောဂါ ကာကွယ်ရေးနည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာ အသုံးပြုနည်းများစသောစိုက်ပျိုးရေး နည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများ ရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေး နည်းပညာနှင့်ကာကွယ်ဆေးကုသဆေးများ လက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစား၊အလတ်စား စီးပွားရေး လုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှု တိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်းများ ပြုလုပ်သွားမည်။တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက်အခြေခံကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ရယူသွားမည်။ လူငယ်များ စာပေ ဗဟုသုတ ပိုမိုတိုးပွားစေရေး ပြန် / ဆက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ ဆွေးနွေးခြင်း၊ စာပေဟောပြောပွဲ၊

ဆွေးနွေးပွဲများဖန်တီးပေးခြင်း၊ လူငယ်စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းများ မိတ်ဆက်ပေးခြင်း၊စာဖတ်ရန်အလေ့အထထွန်းကားရန် အသိနိုးဆော်ခြင်း၊ လူငယ်များ အားကစားလှုပ်ရှားမှုများ လက်လှမ်းမီရန် ဖန်တီးပေးရန်တို့ ဖြစ်ပါသည်။

(၃)ပညာရေး၊ ကျန်းမာရေးနှင့် ကုန်ထုတ်မှုအဆင်ပြေစေရေး အတွက် ကျေးရွာတွင်းလမ်းနှင့် ချဉ်းကပ်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးသွယ်တန်းခြင်းများ ပြုလုပ်သွားခြင်းဖြင့် ကျေးရွာ၏ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးလာစေရမည်။

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မလုပ်ဆောင်နိုင်သော၊ မဖြေရှင်းနိုင်သော ပြဿနာများအတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာအရေးကြီးပါသည်။ စိုက်ပျိုးရေ လုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များချမှတ်ရန်လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊မျိုးကောင်းမျိုးသန့်များရရှိရန် အခက်အခဲများကြောင့် အထွက်နှုန်းများ ကျဆင်းလာပါသည်။ စိုက်ပျိုးရေး ပညာပေး ဌာနတွင် ဝန်ထမ်းမလုံလောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန်မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့်မူဝါဒများ၊ ဘတ်ဂျက်များ၊ ဒေသလိုအပ်ချက်များကို အခြေခံ၍ရေးဆွဲ

ပြီး၊ကျွမ်းကျင်ဂန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊လုံလောက်သောဘတ်ဂျက် လျာထားချက်များ ထားရှိခြင်းများကို လုပ်ဆောင် သင့်ပါသည်။

(ခ)ကျေးရွာသူ / သား များသည် မိသားစု တစ်နိုင်တစ်ပိုင် ဂင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေး စောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေး ချေးငွေအစီအစဉ်များဆိုင်ရာ မူဝါဒ များ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံ လိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာ လုပ်ဆောင် သင့်ပါသည်။ အောက်ခြေ တွင်လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှု အစီအစဉ်များ၊ ပညာရေး အခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာအခြေပြု အသေးစားစီးပွားရေး လုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေ သော လက်လှမ်းမီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေစနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင်တစ်ပိုင်စီးပွားရေး လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် အခြေခံ ကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့်ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန် လိုပါမည်။

၈။ ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်မည့်ကာလ

(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်။ ။ ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်

များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက် များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလ အတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာ ဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့် အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက် များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေး စီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံ နိုင်ခြင်း တို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စများနှင့်အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေး အစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး ရည်မှန်းချက် မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း။ ။ အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင်များစွာ အထောက်အကူ ပြုပါ မည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၄င်းတို့ နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံချက်လုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့် သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက် အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) သာမန်အသုံးစရိတ် (Current Expenditure) ဥပမာ။ ။ လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ

(၂) ငွေလုံးငွေရင်းအသုံးစရိတ် (Capital Expendiuture) ဥပမာ။ ။ ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဥယ်ယူရသော ရင်းနှီးမြှုပ်နှံမှုများ။

(၃) စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ - ဆွေးနွေးပွဲ၊ သင်တန်းစသည့် အသုံး စရိတ်၊

(၄) လူသားချင်းစာနာမှုအထောက်အပံ့(Humanitarian Support)

(ဂ) ဦးစားပေး စီမံချက်များ

ကျေးရွာ၏ ဦးစားပေးစီမံချက်များကို ကျေးရွာတွင် ရှာဖွေတွေ့ရှိချက်များ၊ လိုအပ်ချက်များကို အခြေခံ၍ ကျေးရွာလူထုပူးပေါင်းဆောင်ရွက်ခြင်းဖြင့်ဖော် ထုတ်ခဲ့ကြပါသည်။ ဦးစားပေးစီမံချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေး အဆင့်	စီမံကိန်း ရှင်းလင်းချက်	မှတ် ချက်
၁။ စိုက်ပျိုးရေး	၁။ချောင်း/မြောင်း တိမ်ကောမှုကို တူးဖော်ခြင်း	၁၀၀	၁		
၂။ ကျန်းမာရေး	၂။ ကျေးလက ်ဆေးပေးခန်းတ ည် ဆောက်ခြင်း	၉၀	၂		
၃။ပညာရေး	၃။ အရိပ်ရကစားကွင်း နေရာစီမံထားရှိခြင် း	၈၀	၃		
၄။လူငယ်ဖွံ့ ဖြိုးရေး	၃။စာကြည့်တိုက် ောက်လုပ်ပေး ခြင်း	၇၀	၄		
၅။လမ်း၊တံ တား၊လျှပ်စ စ်	၃။ လမ်းများပြုပြင်ခြင် း(ကျင်းကျောက်လ မ်း)	၆၀	၅		

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်စီမံချက်ကာလကွင်းဆင်းဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကာလများကို နှစ်စဉ် ပြုပြင် ရေးဆွဲပါမည်။ စီမံချက်ကာလအပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

အကောင်အထည်ဖော်မည့်အချိန်ကာလ

စဉ်	စီမံချက်	ဦးစားပေး အဆင့်	ကာလ					မှတ် ချက်
			၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	
၁	ချောင်း/မြောင်းတိမ်ကောမှုကိုတူးဖော်ခြင်း	၁		√	√	√		
၂	ကျေးလက်ဆေးခန်းဆောက်လုပ်ခြင်း	၂		√	√	√	√	
၃	အရိပ်ရကစားကွင်းနေရာစီမံထားရှိခြင်း	၃		√	√	√	√	
၄	စာကြည့်တိုက်ဆောက်လုပ်ခြင်း	၄		√	√	√	√	
၅	လမ်းများပြုပြင်ခြင်း(ကျင်း ကျောက်လမ်း)	၅		√	√	√	√	

၉။ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာဗျူဟာအစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့်ဘတ်ဂျက်ကိုသက်ဆိုင်ရာဌာနများ၊ပြင်ပအဖွဲ့အစည်းများ များမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန်

လိုအပ်ပါမည်။ ဖော်ပြပါဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်း တွက်ချက်ထားခြင်း မရှိပါ။

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ရင်းနှီးမြှုပ်နှံငွေအမျိုးအစားခွဲခြားခြင်း

စဉ်	စီမံချက် ဘက်ဂျက် အထောက်အပံ့	စုစုပေါင်း ခန့်မှန်း	သာမန်ငွေလုံးငွေရင်းစွမ်းဆောင် အသုံး စရိတ်	ငွေလုံးငွေရင်းအသုံးစရိတ် ရင်းနှီးရည် မြှုပ်နှံမှု	လူသားချင်း စာနာမှု မြင့်တင်ရေး
၁	ချောင်း/မြောင်းတိမ်ကောမှု ကိုတူးဖော်ခြင်း		√		
၂	ကျေးလက်ဆေးပေးခန်းတ ည်ဆောက်ခြင်း		√		
၃	အရိပ်ရကစားကွင်းတည်ဆေ ာက်ခြင်း		√		
၄	စာကြည့်တိုက်ဆောက်လုပ်ြ ခြင်း		√		
၅	လမ်းများပြုပြင်ခြင်း(ကျင်း ကျောက်လမ်း)		√		

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်အထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက်ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည်ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များကဖွံ့ဖြိုးရေးစီမံချက်များအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်းရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေး ဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါအဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် သင်တန်းများ အတွက် နည်းပညာဆိုင်ရာ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေး တာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ)ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့ အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် လမ်းခင်းခြင်း လုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ ဆောင်ရွက်မည်။ လမ်း ခိုင်ခံ့မှုရှိစေရန် မိုးရာသီတွင် လှည်း၊ ကား၊ ထော်လာဂျီ များ မောင်းနှင်ခြင်းမပြုရန်သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အား တာဝန်အပ်နှင်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်း ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများကျေးရွာတွင်းရှိ အိမ်ထောင်စုများအတူပူးပေါင်း၍ ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊
- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာ အုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ (၂) မျက်နှာ ၊ (၃)မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ

ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များ စသည်တို့ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သောအခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည် သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်း ဆိုင်ရာ ကဲ့သို့ နည်းပညာ အကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

ဇယား (၄၅) လွဲပေါက်ကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

ပြဿနာ	ဖြစ်ပွားရသည့် အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြေရှင်းနိုင်သည့် နည်းလမ်း	စီမံကိန်း
၁။ စိုက်ပျိုးရေး •စိုက်ပျိုးရေးလုံလောက်စွာမရရှိခြင်း •မျိုးကောင်းမျိုးသန့်ရှားပါးခြင်း •အရင်းအနှီးနည်းပါးခြင်း	မိုးခေါင်ခြင်း •ချောင်း/မြောင်းတိမ်ကောခြင်း •မျိုးထိမ်း၊မျိုးချန်ရန် အသိဉာဏ်နည်းပါးခြင်း	ဆ/မဦးစီးဌာနရှိခြင်း	ငွေကြေးမတတ်နိုင်ခြင်း	မြေအောက်ရေရရှိအောင်ဆောင်ရွက်ရန် •ဆ/မနှင့်ချိတ်ဆက်၍ ဘတ်ဂျက်ရရှိအောင်ဆောင်ရွက်ရန်	မြေအောက်ရေရရှိအောင်စက်ရေတွင်းတူးဖော်ခြင်း •ချောင်း/မြောင်းတိမ်ေမွကို တူး ဖော်ခြင်း
၂။ ကျန်းမာရေး •ရာသီအလိုက်ဖြစ်တတ်သောရောဂါများဖြစ်ခြင်းကျန်းမာရေးဆိုင်ရာအသိဉာဏ်အား နည်းခြင်း	ကျန်းမာရေးဆေးပေးခန်းမရှိခြင်း ကျန်းမာရေးပညာပေးဟောပြောပွဲများပြုလုပ်ပေးမှုမရှိခြင်း	တိုက်နယ်ဆေးရုံရှိခြင်း	•	ရာသီအလိုက်ဖြစ်သောရောဂါများကြိုတင ရှိုးဆော်ကာကွယ်မှုများဆောင်ရွက်ရန် •ကျေးလက်ကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍	ထိရောက်သည့် ကျန်းမာရေးဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း •ကျေးလက်ကျန်းမာရေးဆိုင်ရာအဆောက်အ

ပြဿနာ	ဖြစ်ပွားရသည့် အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြေရှင်းနိုင်သည့် နည်းလမ်း	စီမံကိန်း
				ဟောပြောပွဲများ ပြုလုပ်ရန်	ဥရရှိ အောင်တောင်းဆိုခြင်း
၃။ ပညာရေး					
•ကျောင်းအဆောက်အဦမလုံလောက်ခြင်း •ကျောင်းအားကစားကွင်းမရှိခြင်း	•ကျောင်းအဆောက်အဦဟောင်းနွမ်းယိုယွင်း ပျက်စီးလာခြင်း •အားကစားပစ္စည်းများမရှိခြင်း	• ကျောင်းအတွင်းြေနရာကွက်လပ်ရှိခြင်း • ကျောင်းေက်မတီအဖွဲ့ရှိခြင်း	• ငွေြေးမတတ်နိုင်ခြင်း	• ပညာရေးဌာနနှင့်ချိတ်ဆက်၍လိုအပ်သည့်အကူအညီများတင်ပြတောင်းဆို ရန် • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ညှိနှိုင်းဆောင်ရွက်ရန်	•စာကြည့်တိုက်ဆောက်လုပ်ခြင်း
၄။ လူငယ်ဖွံ့ဖြိုးရေး					
•ကစားကွင်းမရှိခြင်း •အားကစားပစ္စည်းမရှိခြင်း	• မြေနေရာမရှိခြင်း • ကိုယ်လက်ကြံ့ခိုင်မှုအသိအားနည်းခြင်	• အားကစားလူငယ်များရှိြ	• ငွေကြေးမတတ်နိုင်ခြင်း	• လွယ်ကူသည့် အားကစားနည်းများမှစတင်၍လူင	•လူငယ်များအုပ်စုဖွဲ့၍ကစားနိုင်ရန်နည်းလမ်းများဖန်းတီးပေးခြ

ပြဿနာ	ဖြစ်ပွားရသည့် အကြောင်းအရင်း	အလားအလာ	အဟန့်အတား	ဖြေရှင်းနိုင်သည့် နည်းလမ်း	စီမံကိန်း
	ား	ြင်း • မြို့နယ်အ ားကစာ ားရုံးရှိခြင်း		ယ်များအားကစားမှန်မှန်လုပ်လာအောင်စီစဉ်ေးရန်	င်း • နွေရာသီအား ကစားရက်တိုသင်တန်း များစီစဉ်ပေး ခြင်း
၅။ **လမ်း၊တံတား၊လျှပ်စစ်** •ရွာချင်းဆက်လမ်းမ ကောင်းခြင်း •ရွာတွင်းလမ်းမကော င်းခြင်း	• မြေနီသားလမ်းဖြစ် နေခြင်း • မြေသားလမ်းဖြစ်ေ ခြင်း	• လမ်းကော ာ်မတီ အဖွဲ့အစ ည်းရှိခြင်း • လမ်းကော ာ်မတီ အဖွဲ့အစ ည်းရှိခြင်း	• ငွေကြေး မတတ် နိုင်ခြင်း	• ကျေးရွာဆပ် ကော်မတီဖွဲ့ စည်းပြီးကျေး/လက်ဌာ နနှင့်ချိတ်ဆက်ဆောင်ရွ က်ရန် •	• လမ်းပန်းဆက်သွယ်ရေ ားတိုးတက် ကောင်းမွန်အောင်ဆော င်ရွက်ခြင်း • လမ်းများပြုပြင် ခြင်း(ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း)

ရည်ညွှန်းချက်များ

၁။စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊၂၀၁၈၊ဩဂုတ်လ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြုဇယားများ

အပိုင်း (ခ)စီမံချက်ဆိုင်ရာ အချက်အလက်

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- လွဲပေါက်ကျေးရွာ
ကျေးရွာအုပ်စု	- လွဲပေါက်အုပ်စု
မြို့နယ်	-မြစ်သားမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- မန္တလေးတိုင်းဒေသကြီး
စီမံချက်အမည် - **ကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ခြင်း**	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ကျေးရွာတွင် အိမ်ထောင်စု (၈၅) စုရှိပြီး လူဦးရေ ကျား(၂၀၁)၊ မ(၂၀၈)ဦး၊ စုစုပေါင်း (၄၀၉)ဦး နေထိုင်လျက် ရှိပါသည်။ ကျေးရွာသူ / သားများ၏ ကျန်းမာရေး စောင့်ရှောက်မှု အတွက် ကျေးရွာဆေးပေးခန်းဆောက်လုပ်ရန် လိုအပ်နေ ပါသည်။ ကျေးရွာ လူထုမှာဆင်းရဲသောကြောင့် ဆေးပေးခန်း အဆောက်အဦအတွက် မြေနေရာ ဝယ်ယူရန် တတ်နိုင်ခြင်းမရှိပါ။ ကျေးရွာသူ /သား များ၏ ကျန်းမာရေး ကို ၂၀၁၄ ခုနှစ်မှ စ၍ ယခု ၂၀၁၇ ခုနှစ် ကုန်တိုင်အောင် မန္တလေးမြို့မှ ဒေါက်တာအေးသိန်း နှင့် ဒေါက်တာအာကာသက်နိုင် တို့မှ (၁)လ လျှင်(၁၅) ရက် တစ်ကြိမ် ကျစီ အလှည့်ကျ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်ရှိနေပါသည်။ အခမဲ့ကျန်းမာရေး ကုသမှု ကိုရွာဦးဘုန်းကြီးကျောင်း အတွင်းရှိ သရက်ပင်ကြီးအောက်တွင် အကာအရံမရှိ ကုတင်တစ်လုံးဖြင့် ကုသနေရပါသည်။ သက်ကြီးရွယ်အိုလူနာများအတွက် များစွာ အခက်အခဲဖြစ်ရပါသည်။မြေနေရာဝယ်ယူ၍ ကျေးရွာအတွက် ဆေးပေးခန်း ဆောက်လုပ်နိုင်ပါက ကျေးရွာလူထု အခက်အခဲကိုဖြေရှင်း နိုင်ပါလိမ့်မည်။ အဆိုပါ ဆေးခန်းဆောက်လုပ်ရန်နှင့် မြေနေရာဝယ်ယူရန်အတွက် ကျပ်သန်း (၉)သန်း ကုန်ကျမည်ဟု ခန့်မှန်းထားပါသည်။ ကျေးရွာမှစိုက်ထုတ် (စုပေါင်းစုဆောင်းငွေ) ကျပ်သန်း(၁)သန်းစိုက်ထုတ်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လိုအပ်သော ကျပ်သန်း (၈)သန်းအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကူညီပံ့ပိုးပေးပါရန် ရိုသေလေးစားစွာ တင်ပြတောင်းခံ အပ်ပါသည်။	

စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

အရေးပေါ်လူနာများ၊ ပိုးထိလူနာများအား ရှေးဦးသူနာပြုစုရန် ဖြစ်ပါသည်။

မျော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)

အချိန်မီကာကွယ်နိုင်ခြင်းဖြင့် လူနာများ၏ အသက်ဆုံးရှုံးမှုကို ကာကွယ်နိုင်ခြင်း၊ ကျန်းမာသည့် လူ့အဖွဲ့အစည်းဖြစ်လာလျှင် စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး စသည့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများ ပိုမိုကောင်းမွန်လာပါမည်။

စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ဘယ်လောက်ပမာဏလုပ်ရမည်)

မြေနေရာ အလျား ပေ(၆၀) အနံပေ(၄၀) မြေနေရာထားရှိခြင်း

စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၈၅ သိန်း (ငွေသား) • ၁၀သိန်း(ငွေသား) • လုပ်အား • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၀၁	၂၀၈	၄၀၉	၆	၁၅	၂၇	၃၇	၈၅
အကျိုးခံစားမည့်ဦးရေ	၂၀၁	၂၀၈	၄၀၉	၆	၁၅	၂၇	၃၇	၈၅
မှတ်ချက်။ ချောင်လည်အဆင့်–၁၊ အလယ်အလတ်အဆင့်–၂၊ ဆင်းရဲ– ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ

(၁) **ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ကျေးရွာသူ/သားများမှပူးပေါင်းတာဝန်ယူဆောင်ရွက်သွားပါမည်။**
(၂) စီမံချက်စတင်မည့်အချိန်ခန့်မှန်း - ၂၀၁၈-၂၀၁၉
(၃) စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၈-၂၀၁၉
(၄) ကျေးရွာထည့်ဝင်မှုရရှိအောင် ဆောင်ရွက်မည့်အစီအစဉ် ကျေးရွာသူ/သားများ၏ စုဆောင်းငွေအား/လုပ်အားနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတို့ပူးပေါင်းဆောင်ရွက်သွားပါမည်။
(၅)လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ လုပ်ငန်းလည်ပတ်နိုင်ရေးအတွက်ဘတ်ဂျက်ကျလာလျှင်ကျေးရွာဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ၊ရွာသူ/သားများအစည်းအဝေးခေါ်ယူညှိနှိုင်းခြင်းများပြုလုပ်မည့်ကျေးရွာ၏ လူနေမှုအဆင့်မြင့်မားရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုကိုကြိုးစားဆောင်ရွက်သွားမည်။ကျေးလက်ဆေးပေးခန်းမပျက်စီးစေရေးအတွက်ကျေးရွာသူ/သားများထံမှလစဉ်အလှူငွေများကောက်ခံပြီးထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်သည်။